# Bar Code/ QR Code စနစ်သစ်ဖြင့် စက်သုံးဆီရောင်းချနေမှုအခြေအနေများအား

# ဆန်းစစ် အသိပေးထုတ်ပြန်ခြင်း

နိုင်ငံတော်တွင် စက်သုံးဆီကို စနစ်တကျသုံးစွဲနိုင်စေရန်နှင့် လေလွင့်ဆုံးရှုံးမှု လျော့နည်းစေရန်ရည်ရွယ်၍ Bar Code/QR Code စနစ်သစ်ဖြင့် ၂၇-၃-၂၀၂၆ ရက်နေ့မှစတင်၍ ရောင်းချပေးလျက်ရှိပါသည်။

ထို့အပြင် ယနေ့မှစတင်၍ ပဲခူး၊ ပြင်ဦးလွင်၊ ရန်ကုန်-မန္တလေး လမ်းဟောင်းနှင့် အမြန် လမ်းမကြီးတစ်လျှောက်တွင် Bar Code/QR Code စနစ်များကို စတင်အသုံးပြုနေပြီဖြစ်ပါသည်။

စနစ်သစ်ဖြင့်ရောင်းချရာတွင် ကြုံတွေ့လာနိုင်သည့် နည်းပညာဆိုင်ရာ အခက်အခဲများနှင့် မသမာမှုများအပါအဝင် မမျှော်မှန်းနိုင်သည့် အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်အတွက် စွမ်းအင်ဝန်ကြီးဌာနသည် Online Monitoring Center မှ စောင့်ကြည့်ခြင်း၊ Call Center ဖွင့်လှစ်၍ ဖြေရှင်းဆောင်ရွက်ခြင်း၊ ထိန်းကျောင်းကြပ်မတ်ခြင်းများ ပြုလုပ်လျက်ရှိပါသည်။

QR စနစ်အသုံးပြုနေသည့် မြို့ကြီး ၄ မြို့၌ စနစ်ဟောင်းရောင်းချမှုနှင့် စနစ်သစ်ရောင်းချမှုတို့ နှိုင်းယှဉ်မှုအရ ၂၅-၃-၂၀၂၆ ရက်နေ့တွင် ဆိုင်ကယ်/သုံးဘီး ၁၈၉,၉၀၇ စီး၊ မော်တော်ယာဉ် ၁၃၈,၁၅၇ စီး ဆီဖြည့်တင်းခဲ့ကြသော်လည်း ၂၇-၃-၂၀၂၆ ရက်နေ့တွင် ဆိုင်ကယ်/သုံးဘီး ၁၄၉,၆၉၀ စီး၊ မော်တော်ယာဉ် ၁၀၅,၃၄၅ စီးသို့ လျော့ကျသွားခဲ့ပါသည်။ ၂၆-၃-၂၀၂၆ ရက်နေ့တွင် ဆိုင်ကယ်/သုံးဘီး ၁၈၄,၂၈၄ စီး၊ မော်တော်ယာဉ် ၁၁၃,၀၂၈ စီး ဆီဖြည့်တင်းခဲ့ကြသော်လည်း ၂၈.၃.၂၀၂၆ ရက်နေ့တွင် ဆိုင်ကယ်/သုံးဘီး ၁၆၅,၃၇၁ စီး၊ မော်တော်ယာဉ် ၁၀၇,၉၆၅ စီးသို့ လျော့ကျသွားခဲ့ပါသည်။

**သို့ရာတွင် စက်သုံးဆီဈေးနှုန်းတိုးမြင့်လာမှုကို အခွင့်ကောင်းယူ၍ အချို့အရောင်းဆိုင်များသည် ရောင်းချခြင်းမပြုဘဲ ဆိုင်ပိတ်ထားခြင်း၊ အချို့ဆိုင်များသည် Scan မဖတ်ဘဲ ရောင်းချပေးနေခြင်း၊ Taxi ယာဉ်များသည် ခွဲတမ်းပိုမိုရရှိမှုကို အခွင့်ကောင်းယူ၍ မသမာမှုများ ပြုလုပ်လာခြင်းတို့ကြောင့် ဖွင့်လှစ်ရောင်းချနေသည့်အရောင်းဆိုင်များတွင် ယာဉ်များတန်းစီမှု ပိုမိုလာသည်ကို စစ်ဆေးတွေ့ရှိရပါသည်။**

ယင်းသို့ အများပြည်သူများကို ထိခိုက်နစ်နာစေသည့် မသမာမှုများကို ပြည်သူတို့၏ သတင်းပေးပို့လာမှုများအပေါ် အရေးယူဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်ရှိ "ရွှေပိုး" စက်သုံးဆီအရောင်းဆိုင်၊ လိုင်စင်အမှတ် (၂၅၉၇)၊ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၈၂-ရပ်ကွက်၊ ၆၂ လမ်းပေါ်ရှိ "ရွှေခြင်္သေ့" စက်သုံးဆီအရောင်းဆိုင်၊

လိုင်စင်အမှတ်(၀၇၃၀)နှင့် မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်၊ ရန်ကုန်-မန္တလေး လမ်းမကြီး (လမ်းဟောင်း)ပေါ်ရှိ “အောင်သိဒ္ဓိ” စက်သုံးဆီအရောင်းဆိုင်၊ လိုင်စင်အမှတ်(၀၄၈၀)တို့အား လိုင်စင်ယာယီပိတ်သိမ်း၍ အရောင်းဆိုင်မန်နေဂျာများနှင့် ဝန်ထမ်းများအား ဥပဒေအရ အရေးယူဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။ ထို့အပြင် တရားမဝင်စက်သုံးဆီသိုလှောင်ထားရှိကြောင်း တိုင်ကြားလာမှုသတင်းအရ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ၆၀/ B ရပ်ကွက်၊ မြန်နန္ဒာလမ်းသွယ်(ကျူးကျော်)နေ ဦးမြင့်မောင်အား တရားမဝင်စက်သုံးဆီများ သိုလှောင်ထားကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍသုံး စက်ပစ္စည်းများအတွက်လည်း သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့၏ သတ်မှတ်ပေးထားသော စက်သုံးဆီအရောင်းဆိုင်များတွင် ထောက်ခံချက်ဖြင့် ရောင်းချပေးလျက်ရှိပါသည်။

ပြည်သူများအနေဖြင့်လည်း စက်သုံးဆီဝယ်ယူခြင်းနှင့် ပတ်သက်၍ အခက်အခဲများနှင့် မသမာမှုများတွေ့ရှိနေရသည့်အပေါ်တွင် Call Center သို့ တိကျစွာ အသိပေးတိုင်ကြားခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

စွမ်းအင်ဝန်ကြီးဌာန